# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်စျေးကွက်သတင်းလွှာ

August 17 , 2023 Volume 69, Number 12

၁၇.၈.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၈၉၂ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၃.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၇၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၆.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၃၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၅၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၅၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၁.၃၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၂၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန် ကုန်စည်ပြပွဲသို့ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ Kunming Dianchi Lake International Convention and Exhibition Centre၌ ဩဂုတ် ၁၆ ရက်တွင် ကျင်းပသည့် (၇)ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲနှင့် (၂၇)ကြိမ်မြောက် တရုတ်(ကူမင်း) ပို့ကုန်/သွင်းကုန်ကုန်စည်ပြပွဲ (7th China-South Asia Exposition and the 27th China Kunming Export and Import Fair) သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး နိုင်ငံခြားရေးရာ ဗဟိုကော်မရှင်ညွှန်ကြားရေးမှူးနှင့် CPC ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ယိ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ် သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Dinesh Gunawardena ၊ နီပေါနိုင်ငံ ဒုတိယသမ္မတ H.E.Ran Sahay Prasad Yadav ၊ CPC ယူနန်ပြည်နယ် ကော်မတီအတွင်းရေးမှူး H.E. Wang Ning၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွီပေါ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E. Pany Yatho Tou၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E. Tran Luu Quang ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီးပွားရေးရာ ဒုတိယဝန်ကြီး H.E. Li Fei၊ CPC ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန ဒုတိယဝန်ကြီး H.E. Sun

Haiyan၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဘူတန်ဘုရင်နိုင်ငံ စက်မှု၊ စီးပွားရေးနှင့်အလုပ်ခန့်ထားရေးဝန်ကြီး H.E Karma Dorji၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်ဝန်ကြီး H.E. Nong Rong ၊ မော်ဒိုက်သမ္မတနိုင်ငံ နိုင်ငံခြားရေးရာဝန်ကြီး H.E. Ahmed Kahaleel ၊ နီကာရာဂွါသမ္မတနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုနှင့် စီးပွားရေးရာဝန်ကြီး H.E. Jesu's Bermudez၊ ပြင်သစ်လွှတ်တော်အမတ် H.E. Philippe Folliot တို့ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပြပွဲ၏ဂုဏ်ထူးဆောင် နိုင်ငံပြခန်းဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက မြန်မာ့ယဉ်ကျေးမှုအကဖြင့် တင်ဆက်ကပြကြပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက နှုတ်ခွန်းဆက်စကားပြောကြား၍ အာဆီယံနှင့်တောင်အာရှနိုင်ငံအချို့မှ နိုင်ငံတော် အဆင့်ပုဂ္ဂိုလ်များနှင့် အကြီးအကဲများ၊ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာဝမ်ယွီပေါ်တို့က ပြခန်း ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးကာ ဧည့်သည်တော်များနှင့်အတူ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ (၇) ကြိမ်မြောက် တရုတ်-တောင်အာရှကုန်စည်ပြပွဲကို ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက တရုတ်ပြည်သူ့သမ္မတနိုင်ငံ အာဆီယံနှင့်တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံသည် တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံများအကြား ပေါင်းကူးသဖွယ် တည်ရှိနေကြောင်း၊ ထို့ကြောင့် ဒေသတွင်းစီးပွားရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများမှတစ်ဆင့် တိုးတက်မှု အလျင်မြန်ဆုံး ဒေသအဖြစ် ပြည်သူများ၏သာယာဝပြောရေးကို ဖော်ဆောင်ပေးနိုင်ရေး ခိုင်မာသောပူးပေါင်းဆက်သွယ်မှုများ အလေးထား ဆောင်ရွက်သွားလိုကြောင်း၊ ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်များအနေဖြင့် အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုသဘောတူညီချက် ASEAN China Free Trade Agreement ACFTA 3.0 အဆင့်မြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးရေး တတိယအကျော့ကို ၂၀၂၃ ခုနှစ် ဇွန်လတွင် ကူမင်းမြို့တွင် ကျင်းပခဲ့ကြောင်း၊ နောက်တစ်ကြိမ်တွင် ကျင်းပမည့်ညှိနှိုင်းဆွေးနွေးပွဲတွင် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုကဏ္ဍများသာမက ကဏ္ဍအားလုံးပါဝင်သော လွတ်လပ်သောကုန်သွယ်မှုဒေသ ဖန်တီးတည်ဆောက်နိုင်ရန် ဒစ်ဂျစ်တယ်စီးပွားရေး၊ အစိမ်းရောင် စီးပွားရေးကဏ္ဍများ ကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဒေသတွင်းကုန်သွယ်ရေးနှင့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်စေရန်၊ တရုတ်နိုင်ငံနှင့်တောင်အာရှ အရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများ စည်းလုံးညီညွတ်ရေး၊ သာယာဝပြောရေးနှင့် ကုန်စည်ပြပွဲအောင်မြင်စေရန် ဆုမွန်ကောင်းတောင်းကြောင်း ပြောကြားသည်။

ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှကုန်သည်နှင့်လုပ်ငန်းရှင်ပေါင်း ၁၀၀ ကျော်တို့က နိုင်ငံ၏လယ်ယာထွက်ကုန်များ၊ လက်မှု ပစ္စည်းများနှင့် အဖိုးတန်ကျောက်မျက် ရတနာများကို ခင်းကျင်းပြသမည်ဖြစ်ပြီး ဆက်စပ်စီးပွားရေးဖိုရမ်များ သို့လည်း တက်ရောက်ကြမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ယခုကဲ့သို့ ပါဝင်ပြသခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် ၂၀၁၈ ခုနှစ် ဇွန်လတွင် ကျင်းပသည့် (၅) ကြိမ်မြောက် တရုတ်-တောင်အာရှ ကုန်စည်ပြပွဲတွင်လည်း ပါဝင်ပြသခဲ့ကြောင်း၊ ပြပွဲခေါင်းစဉ်မှာ Solidarity and Coordination for Common Development ဖြစ်ကြောင်းသိရသည်။ ပြပွဲသို့ နိုင်ငံပေါင်း ၈၄ နိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်တော်များ တက်ရောက်ကြသည်။

အဆိုပါကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၃၆ ခန်းပြသခဲ့ကာ အာဆီယံနှင့် တောင်အာရှနိုင်ငံများ၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများနှင့် ဒေသပေါင်း ၈၀ ကျော်မှ ကုန်စည်ပြခန်းများပါဝင်ပြီး စက်မှုကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ဇီဝဆေးနှင့် အထွေထွေပစ္စည်းများ၊ နိုင်ငံတကာ လူသိများသော စီးပွားရေးလုပ်ငန်းများနှင့် ထုတ်ကုန်များ၊ တောင်အာရှ၏ ကုန်စည် ပြခန်းများ၊ အဆင့်မြင့်ကုန်ထုတ် လုပ်ငန်းပြခန်းများနှင့် အခြားပြခန်းအမျိုးအစားပေါင်း ၁၅ ခုပါဝင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/44641

## ယခုရက်ပိုင်း ကြက်သွန်နီဈေးမြင့်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်း ကြက်သွန်နီကို နေရာအနှံ့အပြားတွင် စိုက်ပျိုးကြသော်လည်း ပခုက္ကူနှင့် ဆိပ်ဖြူဒေသတို့တွင် အဓိကသီးနှံအဖြစ် စိုက်ပျိုးကြပါသည်။ ကြက်သွန်နီသည် စားဖိုဆောင်တွင် မရှိမဖြစ်လိုအပ်သည့် သီးနှံဖြစ်ခြင်း၊ တရုတ်သို့ တင်ပို့ရောင်းချနေရခြင်းတို့ကြောင့် ယခုရက်ပိုင်းတွင် ဈေးနှုန်းအနည်းငယ် မြင့်တက်လာပါသည်။ ပခုက္ကူကြက်သွန်နီနှင့်ဆိပ်ဖြူကြက်သွန်နီတို့သည် ဈေးကွက်တွင် နေရာတစ်ခုအနေဖြင့် ရရှိထားပြီးလည်းဖြစ်ပါသည်။

ဆိပ်ဖြူကြက်သွန်နီကုန်စည်ဒိုင်သို့ ဆိပ်ဖြူဒေသမှ ကြက်သွန်စိုက်ကျေးရွာများအပြင် ပခုက္ကူ၊ ပေါက်၊ ဆော၊ စလင်း(ဆင်ဖြူကျွန်း) ဒေသများမှပင် လာရောက်ရောင်းချကြပါသည်။ အဆိုပါ ကြက်သွန်ကုန်စည်ဒိုင်မှတဆင့် ရန်ကုန်သို့ အများဆုံးတင်ပို့ရောင်းချကြပြီး မူဆယ်၊ မြဝတီ၊ မော်လမြိုင်နှင့်ဧရာဝတီတိုင်းတို့အထိ တင်ပို့ရောင်းချရပါသည်။

ကြက်သွန်နီဈေးမှာ ယခုရက်ပိုင်းတွင် တစ်ပိဿာလျှင် (၂၃၅၀)ကျပ်အထိဈေးရရှိပြီး ယခင်ရက်များထက် ဈေးရရှိနေပါသည်။ တစ်ရက်လျှင် ကြက်သွန်နီကုန်စည်ဒိုင်သို့ ပိဿာ (၁၉၅၀၀)ကျော် အဝင်ရှိနေပြီး လက်ကျန်မှာ ပိဿာ သိန်း(၅၀)မှ (၆၀)ကြား ကျန်ရှိနေကြောင်း ကုန်စည်ဒိုင်သတင်းအရ သိရှိရပါသည်။

Source: မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့

## ရန်ကုန်ဆန်ချောဈေး မြင့်တက်လာ




ရန်ကုန်ဆန်ဈေးကွက်ထဲမှာ အခုတစ်ပတ် ဆန်ချောဈေးနှုန်းတွေဟာ တစ်အိတ်ကို ကျပ်ငါးထောင်ကနေ ကျပ် တစ်သောင်းကြား မြင့်တက်လာတယ်လို့ ရန်ကုန်မြို့က ဆန်လက်ကားရောင်းချနေသူတွေဆီက သိရပါတယ်။ ပြီးခဲ့တဲ့ အပတ်တွေက ရန်ကုန်ဆန်ဈေးကွက်ထဲမှာ ဆန်ချောဈေးနှုန်းတွေ တည်ငြိမ်နေရာကနေ အခုတစ်ပတ်မှာတော့ ဆန်ချော ပေါ်ဆန်းအမျိုးအစားတွေဟာ ဈေးနှုန်းမြင့်တက်လာပြီး ဆန်ကြမ်းတွေပါ ဈေးအနည်းငယ် တက်လာတယ်လို့ ဆိုပါတယ်။

ရန်ကုန်ဆန်ဈေးကွက်ထဲမှာတော့ Export ဆန်ဈေး ကျဆင်းနေပေမယ့် ပြည်တွင်းဆန်ဈေးကတော့ မြင့်တက်နေတာပါ။ အခုလို ဆန်ဈေးမြင့်တက်နေတာဟာ ဆန်အဝင်နည်းတာနဲ့ သယ်ယူပို့ဆောင်စရိတ်တွေ ကြီးမြင့်လာတာကြောင့်ဖြစ်တယ်လို့ ရန်ကုန်မြို့က ရွှေမိုး ဆန်ရောင်းဝယ်ရေးက တာဝန်ရှိသူတစ်ယောက်က ပြောပါတယ်။

စားသုံးသူတွေအများစုကတော့ ဆန်ချောထက် ဆန်ကြမ်းဝယ်ယူမှု များပြားတယ်လို့ဆိုပါတယ်။ လက်ရှိ ရန်ကုန်ဆန်ဈေးကွက်ထဲမှာတော့ ရွှေဘိုပေါ်ဆန်းတစ်အိတ်ကို ကျပ် တစ်သိန်းလေးသောင်းကျော်၊ ပေါ်ဆန်း၊ ပေါ်ဆန်းရှယ်၊ ကြားပျံ့ရှယ် အပါအဝင် ပေါ်ဆန်းအမျိုးအစားတွေက တစ်အိတ်ကို ကျပ်တစ်သိန်းကျော်နဲ့ ဆန်ကြမ်းဧည့်မထတစ်အိတ်ကို ကျပ်ခုနစ်သောင်းအထိ ဈေးရှိလာတယ်လို့ သိရပါတယ်။

ဆန်ဈေးနှုန်းတည်ငြိမ်စေဖို့အတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နဲ့ ဆန်ကုန်သည်အသင်းအဖွဲ့တွေပူးပေါင်းပြီး ဩဂုတ် ၇ ရက်ကစတင်ကာ လက်လီဈေးထက် သက်သာတဲ့ဈေးနဲ့ ဆန်အိတ်တွေ ထုတ်ရောင်းပေးနေပေမယ့် ဆန်ဈေးကွက်ထဲမှာ ဆန်ဈေးနှုန်းတွေ ပြန်လည်မြင့်တက်လာတာဖြစ်ပါတယ်။

**One News Myanmar မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ထိုင်းဘတ်အား နိုင်ငံတကာငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့် ငွေကြေးအဖြစ် ဗဟိုဘဏ်သတ်မှတ်

ထိုင်းဘတ် (ThaiBaht) အား နိုင်ငံတကာငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့်ငွေကြေးအဖြစ် သတ်မှတ်ခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ညွှန်ကြားချက်ထုတ်ပြန်သည်။

ဩဂုတ် ၁၄ ရက်က ထိုင်းဘတ် (Thai Baht) အား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့် ငွေကြေးအဖြစ် သတ်မှတ်ခွင့်ပြုလိုက်ကြောင်း ဗဟိုဘဏ်ကညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှု ပိုမိုလွယ်ကူအဆင်ပြေစေရေးကိုရည်ရွယ်၍ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း (Authorized Dealer-AD) လိုင်စင်ရဘဏ်များတွင် ထိုင်းဘတ် (Thai Baht) အား နိုင်ငံတကာငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုများ ဆောင်ရွက်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

ထိုင်းဘတ်အား နိုင်ငံတကာငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုများ ဆောင်ရွက်နိုင်သည့်ငွေကြေးအဖြစ် ဗဟိုဘဏ်သတ်မှတ်လိုက်ပြီးနောက် ဩဂုတ် ၁၅ ရက်က နိုင်ငံခြားငွေကြေးဈေးကွက်တွင် ထိုင်းဘတ်တစ်ဘတ်လျှင် မြန်မာငွေကျပ် ၁၀၀ ကျော်အထိရှိလာခဲ့ကြောင်း ထိုင်းနိုင်ငံရှိ ငွေလွှဲလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

ဩဂုတ်လ ၁၅ ရက် ညနေပိုင်းက နိုင်ငံခြားငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ရောင်းဈေး ၃၆၄၀ ကျပ်၊ ဝယ်ဈေး ၃၅၄၀ ကျပ် အထိ ရှိခဲ့ပြီး စင်ကာပူ တစ်ဒေါ်လာလျှင် ရောင်းဈေး ၂၆၇၀ ကျပ်၊ ဝယ်ဈေး ၂၅၇၀ ကျပ်၊ မလေးရှား တစ်ရင်းဂစ်လျှင် ရောင်းဈေး ၇၈၅ ကျပ်၊ ဝယ်ဈေး ၇၇၀ ကျပ်၊ တရုတ်ယွမ် တစ်ယွမ်လျှင် ရောင်းဈေး ၅၁၀ ကျပ်၊ ဝယ်ဈေး ၄၇၅ ကျပ် ပေါက်ဈေးရှိခဲ့ကြောင်း နိုင်ငံခြားငွေကြေးဈေးကွက်မှ သိရသည်။

**Source:** https://news-eleven.com/article/252242

## ဖိလစ်ပိုင် ဆန်တန်ချိန် ၁၁ သိန်းတင်သွင်း

အယ်နီညို ခြောက်သွေ့ရာသီဥတုကြောင့် စပါးအထွက်နှုန်း ဆုံးရှုံးမှုများကိုကာမိဖို့ မက်ထရစ်တန် ၅၀၀,၀၀၀ ဝန်းကျင် ထပ်မံတင်သွင်းဖို့ ဖိလစ်ပိုင်စိုက်ပျိုးရေးဌာနက အကြံပြုထားကြောင်း စိုက်ပျိုးရေးလက်ထောက်အတွင်းဝန် Mercedita Sombilla က ဗုဒ္ဓဟူးနေ့(ဩဂုတ် ၁၆)တွင် ပြောကြားသည်။

ဆန်တင်သွင်းမှု အများဆုံးနိုင်ငံတစ်ခုဖြစ်သည့် ဖိလစ်ပိုင်သည် ထပ်တိုးတင်သွင်းမည့် ဆန်တန်ချိန် ၅ သိန်းကို ပုဂ္ဂလိက ကုန်သည်များက တင်သွင်းမည်ဖြစ်ပြီး ယခုနှစ် နိုဝင်ဘာလနှင့် နောက်နှစ် ဇန်နဝါရီလအထိ ကာလအတွင်း ဖိလစ်ပိုင်သို့ ဆန်များရောက်ရှိရန် လျာထားသည်။

ယခု ဆန်တန်ချိန် ၅ သိန်းသည် ယခင်က ပုဂ္ဂလိကကုန်သည်များတင်သွင်းရန် ခွင့်ပြုထားသည့်ပမာဏအပြင် ထပ်တိုးလိုက်ခြင်းဖြစ်သည်။ ယခင်ခွင့်ပြုခဲ့သည့် ဆန်တန်ချိန်တွင် တန်ချိန် ၃ သိန်းသည် ယခု ဩဂုတ်လကုန်ပိုင်းတွင် ရောက်ရှိမည်ဖြစ်ပြီး စက်တင်ဘာလတွင် နောက်ထပ်တန်ချိန် ၃ သိန်း ထပ်မံရောက်ရှိမည်ဖြစ်သည်။

ယခုနှစ်တွင် ယခုအထိ ဖိလစ်ပိုင် ဆန်တင်သွင်းမှုတွင် ၈၉ ရာခိုင်နှုန်းသည် ဗီယက်နမ်မှဖြစ်ပြီး ကျန်သည့်ရာခိုင်နှုန်းမှာ မြန်မာ၊ ထိုင်း၊ ပါကစ္စတန်နှင့် အိန္ဒိယတို့မှဖြစ်ကြောင်း Sombilla က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တင်သွင်းသည့်ဆန် လက်လီဈေးနှုန်းများ၊ ပြည်တွင်းထုတ်ဆန် လက်လီဈေးနှုန်းများသည် ယခုလအတွင်း ၁၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း အစိုးရမှ အချက်အလက်ထုတ်ပြန်သည်။

**Source: Reuters**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/6686-asia-rice.html

## ထိုင်းနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့က နှစ်နိုင်ငံကုန်သွယ်မှုကို အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံအထိ မြှင့်တင်ရန် မျှော်မှန်းထား

ထိုင်းနှင့်ဗီယက်နမ်တို့သည် နှစ်နိုင်ငံကုန်သွယ်မှုကို ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံထိမြှင့်တင်ရန် မျှော်မှန်းထားကြောင်း၊ ယင်းသို့မြှင့်တင်ရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာကဲ့သို့သော မူဘောင်များ သို့မဟုတ် အာဆီယံစသည့် နည်းလမ်းများစွာဖြင့် ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ထိုင်းကုန်သည်ကြီးများအသင်းချုပ်နှင့် ထိုင်း-ဗီယက်နမ် မိတ်ဖက်အသင်း၏ဥက္ကဋ္ဌဖြစ်သူ Mr. Sanan Angubolkul က ပြောကြားခဲ့ပါသည်။

နှစ်နိုင်ငံ ပုဂ္ဂလိကကဏ္ဍကလည်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များတွင် ပြိုင်ဘက်များအဖြစ် မဟုတ်ဘဲ ကုန်သွယ်မှုမိတ်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အပြန်အလှန်အားသာချက်များကို မြှင့်တင်သွားကြမည်ဖြစ်ကြောင်း၊ လွန်ခဲ့သော နှစ်အနည်းငယ်ကတည်းက ဗီယက်နမ်ရှိ ထိုင်း-ဗီယက်နမ် စီးပွားရေးလုပ်ငန်းကောင်စီနှင့် ထိုင်းကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းချုပ်တို့ တည်ထောင်၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း ၎င်းကဆက်လက်ပြောကြားပါသည်။

ထိုင်းနိုင်ငံ၌ ပူးပေါင်းဆောင်ရွက်ရန် Team Thailand Plus ကို တည်ထောင်ခဲ့ပြီး အစိုးရနှင့်ပုဂ္ဂလိကတို့အကြား ချိတ်ဆက် ဆောင်ရွက်ပေးပါကြောင်း၊ ယခုနှစ် နှစ်ဝက်အတွင်း ထိုင်းနှင့်ဗီယက်နမ်တို့အကြား ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၅.၅၃ ဘီလီယံနှင့် သွင်းကုန်သည် အမေရိကန်ဒေါ်လာ ၃.၉၇ ဘီလီယံ စုစုပေါင်း နှစ်နိုင်ငံကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၉.၅ ဘီလီယံ ရှိပါကြောင်းသိရှိရပါသည်။

ထိုင်းနိုင်ငံအနေဖြင့် ဗီယက်နမ်တွင် ဖွံ့ဖြိုးလျက်ရှိသော Startup စီးပွားရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အရှေ့တောင်အာရှတွင်လည်း ယင်းနယ်ပယ်တွင် ရင်းနှီးမြှုပ်နှံသင့်ကြောင်း၊ အရှေ့တောင်အာရှတွင် application အသုံးပြုသူ အရေအတွက်များပြားပါကြောင်း၊ နိုင်ငံခြား Startup များဖြစ်သဖြင့် နိုင်ငံခြားသားများကို ဝင်ငွေရှာဖွေပေးနေသကဲ့သို့ ဖြစ်နေပါကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများအနေဖြင့် ပြည်တွင်း Startup များ တည်ထောင်ပြီး ပြည်တွင်းတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် ဝင်ငွေပိုမိုရရှိနိုင်ကြောင်း ထိုင်း Startup အသင်း၏ ဒုတိယဥက္ကဋ္ဌ ဖြစ်သူ Mr. Thanakrit Sermsuksan က အကြံပြု ထားပါသည်။

**Source: www.bangkokpost. gov**

**(ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး၊ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_100820231000

## အမေရိကန်ဒေါ်လာတန်ဖိုး အားကောင်းလာခြင်းနှင့် တရုတ်နိုင်ငံတွင်းကုန်စည်နှင့်ဝန်ဆောင်မှုတန်ဖိုးများ ကျဆင်းခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ ဝမ်ငွေတန်ဖိုးကျဆင်း

၂၀၂၃ ခုနှစ်၊ ဩဂုတ်လအတွင်း တောင်ကိုရီးယားနိုင်ငံသုံး ဝမ်ငွေတန်ဖိုးသည် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် တစ်ဒေါ်လာလျှင် ဝမ် ၇၀ နီးပါး တန်ဖိုးကျဆင်းခဲ့ပြီး တစ်ဒေါ်လာလျှင် ဝမ် ၁၃၀၀ ကျော်အထိရောက်ရှိ တန်ဖိုးကျဆင်းလာခဲ့ ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့က တစ်ဒေါ်လာလျှင် ၁၂၇၅ ဝမ် ဝန်းကျင်တွင် ရှိနေခဲ့ရာမှ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့တွင် တစ်ဒေါ်လာလျှင် ၁၃၄၁ ဝမ်အထိ ရောက်ရှိတန်ဖိုးကျလာခဲ့ပါသည်။

ဝမ်ငွေတန်ဖိုးကျဆင်းလာရခြင်း အဓိကအကြောင်းရင်းမှာ အမေရိကန်ပြည်ထောင်စု၏စီးပွားရေးသည် မျှော်လင့်ထား သည်ထက် အားကောင်းလာပြီး အမေရိကန်ဒေါ်လာသည်သာလျှင် လုံခြုံစိတ်ချရမှုအရှိဆုံး ငွေကြေးအဖြစ် ယူဆလာခြင်း ကြောင့်ဖြစ်ပါသည်။ ထို့ပြင် တောင်ကိုရီးယားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေး နလန်ထူလာမှု အားနည်းနေပြီး နိုင်ငံတွင်းကုန်စည်နှင့် ဝန်ဆောင်မှုတန်ဖိုးများကျဆင်းကာ ငွေကြေးကျုံ့ခြင်းအခြေအနေသို့ ရောက်ရှိနေခြင်းကြောင့်လည်း ဝမ်ငွေတန်ဖိုးကျဆင်းခြင်းဖြစ်သည်ဟု လေ့လာသူများက သုံးသပ်ကြပါသည်။ ကုန်သွယ်မှု အပေါ်အားကိုးသည့် စီးပွားရေးဖြစ်သည့်အတွက် အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးအခြေအနေ

မကောင်းခြင်းသည် တောင်ကိုရီးယား၏စီးပွားရေးကို ထိခိုက်စေသည့်အပြင် ငွေကြေးဈေးကွက်ကိုလည်း မတည်မငြိမ်ဖြစ်စေသည်ဟု ကိုရီးယားစီးပွားရေးသုတေသနသိပ္ပံ (Korea Economic Research Institute- KERI) မှ စီးပွားရေးမူဝါဒ အဖွဲ့ခေါင်းဆောင် Mr. Lee Sang-ho က ပြောကြားပါသည်။

အထက်ပါအကြောင်းရင်းများအပြင် ၂၀၁၈ ခုနှစ်ကတည်းက တောင်ကိုရီးယားနိုင်ငံတွင် အေးခဲထားခဲ့ သည့် အီရန်နိုင်ငံပိုင်ငွေကြေးဖြစ်သည့် အမေရိကန်ဒေါ်လာ ၆ ဘီလီယံတန်ဖိုးရှိ ဝမ်ငွေများကို အရေးယူပိတ်ဆို့မှုမရှိသော ကုန်ပစ္စည်းများ (non-sanctioned goods) များဖြစ်သည့် အစားအသောက်၊ ဆေးဝါးစသည်တို့အတွက် သုံးစွဲခွင့်ပြုလိုက်ခြင်းကြောင့် အဆိုပါငွေကြေးများကို ဆိုးလ်မြို့ငွေကြေးဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် ယူရိုငွေကြေးများအဖြစ် ပြောင်းလဲ၍ အခြားနိုင်ငံသို့ လွှဲပြောင်းမှုများ ပြုလုပ်ကြမည်ဟု ရင်းနှီးမြှုပ်နှံသူများက အလွန်အမင်းစိုးရိမ်ပူပန်မှုများ ကြီးမားလာခြင်းသည်လည်း ငွေကြေးတန်ဖိုးကျဆင်းရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်ဟု ငွေကြေးဈေးကွက်လေ့လာသူများက ပြောကြားပါသည်။

ကိုရီးယားနိုင်ငံ၏ ရှင်ဟန်ဘဏ် (Shinhan Bank) က ယခုတစ်ပတ်အတွင်း တောင်ကိုရီးယား ဝမ်ငွေတန်ဖိုးသည် တစ်ဒေါ်လာလျှင် ၁၃၁၅ ဝမ်မှ ၁၃၄၅ ဝမ်အကြားတွင်ရှိနေမည်ဟု ခန့်မှန်းထားပါသည်။ အကယ်၍ စိုးရိမ်မှုများကြောင့် ငွေကြေးဈေးကွက်အတွင်း တင်းမာမှုများဆက်လက်ရှိနေပါက အစိုးရက ဈေးကွက်တည်ငြိမ်အောင် ဝင်ရောက်ဖြေရှင်းသွားမည်ဖြစ်ပါကြောင်းနှင့် ဝမ်ငွေတန်ဖိုးကျဆင်းခြင်းကြောင့် ငွေကြေးဖောင်းပွမှုရှိလာပြီး နိုင်ငံ၏စီးပွားရေးကို ဆွဲချသွားနိုင်သည်ဆိုသော စိုးရိမ်မှုများရှိရန်မလိုကြောင်း စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး Mr. Choo Kyung-ho က ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် ကျင်းပခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ပါသည်။

**Source: https://www.koreatimes.co.kr/www/biz/2023/08/488_357076.html**

**https://www.koreaherald.com/view.php?ud=20230816000664**

**( စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_170820230146

## STOCK EXCHANGE (17.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 17th Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,080 (Shares) | 54,479,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,800 | 8,800 | 8,800 | 17 | 149,600 | 33,109,694 | 291,365 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,100 | 13,884 | 43,335,600 | 38,929,150 | 120,680 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,600 | 415 | 665,500 | 29,664,613 | 50,430 |
| TMH | 00005 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 0 | 0 | 12,823,224 | 29,493 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,300 | 2,300 | 2,300 | 2,969 | 6,828,700 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 1,795 | 3,500,250 | 23,804,946 | 46,420 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 17th Aug. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.08 | -2.79 | -0.73% | 381.11 | 381.11 | 379.54 | 19,080 | 54,479,650 | 8 | 716,902 |

### Index chart




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exchange in Myanma | Quick link | Notice | Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 17th Aug. 2023

| Trading Volume | Trading Value |
|---|---|
| 19,080 (Shares) | 54,479,650 (MMK) |

### Main Board

As of 1:00 pm, 17th Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 19,080 (Shares) | 54,479,650 (MMK) |

| MYANPIX | 380.08 ▼ 2.79 |
|---|---|
| Total Volume (shares) | 19,080 |
| Total Value (MMK) | 54 mil |
| Listed Company | 8 |
| Market Cap. (MMK) | 716,902 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,300 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,950 | ▲ 0 |